# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 22 , 2025 Volume 88 , Number 13


၂၁.၃.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၁ .၁၅ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၁.၇၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၃.၁၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၆.၉၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၀၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၁ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြောင်းဈေးနှုန်းကောင်းမွန်နေပြီး မတ်ပဲ၊ပဲစင်းငုံဈေးနှုန်း သိသိသာသာပြောင်းလဲမှုမရှိ




မန္တလေးဈေးကွက်အတွင်း တရုတ်နိုင်ငံဝယ်ယူမှုကြောင့် ပြောင်းဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ပြီး မတ်ပဲ၊ ပဲစင်းငုံမှ ပြည်ပဝယ်ယူမှုရှိသော်လည်း ဈေးနှုန်းသိသိသာသာ ပြောင်းလဲမှုမရှိကြောင်း မန္တလေးပွဲစားကုန်သည်၊ စက်ပိုင်များမဟာကထိန်တော်အသင်းကသိရသည်။

ပြောင်းဈေးနှုန်းမှာ မတ်လပထမအပတ်တွင် ပြောင်းဖူး(ဗမာ) ၈၁,၀၀၀ကျပ်မှ မတ်လတတိယအပတ်တွင် ၈၂,၀၀၀-၈၃,၀၀၀ ကျပ် ၊ ပြောင်းဖူး(ရှမ်း) ၈၄,၀၀၀ ကျပ်မှ ၈၅,၀၀၀-၈၅,၅၀၀ကျပ်သို့ အနည်းငယ်မြင့်တက်လာခဲ့ပြီးမတ်ပဲဈေးနှုန်းမှာ မတ်လတတိယပတ်တွင် ၂၈၀,၀၀၀-၂၈၃,၀၀၀ ကျပ်၊ ပဲ စင်းငုံ၂၇၇,၀၀၀-၂၈၀,၀၀၀ ကျပ်ရှိနေပြီး ယခင်အပတ်ဈေးနှုန်းနှင့် သိသိသာသာကွာခြားမှုမရှိကြောင်း သိရသည်။

မတ်ပဲနဲ့ပဲစင်းငုံကို အိန္ဒိယနိုင်ငံက လွတ်လပ်စွာတင်သွင်းခွင့် တစ်နှစ်ထပ်မံသက်တမ်းတိုးလိုက်တဲ့အတွက် ပိုမိုတင်ပို့နိုင်ပေမဲ့ ကုန်သည်တွေက သကြံ်န်အရှိန်ကြောင့်ထင်တယ်၊ သိသိသာသာတင်ပို့တာမျိုးမလုပ်ကြဖူး၊ ဟိုဘက်ကလည်း ပုံမှန်လေးပဲဝယ်ယူနေတဲ့အတွက် ဈေးတန်းကမပြောင်းလဲတာပါ၊ ပြောင်းကတော့ ခုရက်ပိုင်း တရုတ်ကအဝယ်လိုက်တဲ့အတွက် ဈေးနှုန်းတွေမြင့်တက်လာတာဖြစ်ပါတယ်၊ အလားတူ နှမ်းလည်းဈေးကောင်းနေတယ်ဟု အဆိုပါအသင်းကတာဝန်ရှိသူတစ်ဦးကပြောသည်။

ပြောင်းဈေးနှုန်းမှာ ထိုင်းနိုင်ငံ၏ အခွန်သက်သာခွင့်အပြင် အိန္ဒိယနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့မှ ဝယ်ယူမှုရှိခြင်းကြောင်း မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းအနည်း

ငယ်ပြောင်းလဲလာခြင်းဖြစ်ကြောင်းလည်း သိရသည်။

ပြောင်းမတ်ပဲပဲစင်းငုံဈေးနှုန်းပြောင်းလဲမှုမရှိသော်လည်း နှမ်းဈေးနှုန်းများမှာ တရုတ် ဝယ်ယူမှုကောင်းမွန်ခြင်း ကြောင့်ဈေးနှုန်းမြင့်တက်လာခဲ့ပြီး ဒုတိယအပတ်တွင် တစ်တန် ၇၄၀,၀၀၀ ကျော်မှတတိယအပတ်တွင် ၇၆၀,၀၀၀ ကျပ်ကျော်အထိ မြင့်တက်လာခဲ့ပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

အခြားသော ပဲအမျိုးအစားများမှာ ယခုအပတ်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကုလားပဲ(V2) ၂၃၃,၀၀၀ကျပ်၊ ကုလားပဲ (V7) ၂၅၀,၀၀၀ ကျပ်၊ ပဲတီစိမ်း(ညာ) ၂၇၅,၀၀၀ ကျပ်၊ ပဲလွန်းဖြူ ၂၃၅,၀၀၀ ကျပ်၊ ပဲလွန်းပြာ ၁၉၅,၀၀၀ ကျပ်၊ ပဲကြီး(က) ၂၇၅,၀၀၀ ကျပ်၊ပဲထောပတ် ၃၂၀,၀၀၀ ကျပ်၊ ပဲဇီးကွက် ၂၅၀,၀၀၀ ကျပ် နှင့် မြေထောက်ပဲ ၂၈၀,၀၀၀ ကျပ် အသီးသီးရှိကြောင်း သိရသည်။

**Source:မကွေးဂျာနယ်**

## ဧည့်မထဆန် (သစ်)၊ ပေါ်ဆန်းမွှေးဆန် (ဟောင်း)နှင့် ဆန်ကွဲဈေးများ ကျဆင်းကာ ဧည့်မထဆန် (ဟောင်း)၊ ပေါ်ဆန်းမွှေးဆန်(သစ်)နှင့်ဖွဲနုဈေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့်သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့်ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၇.၃.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန် (မနောသုခ) (ဟောင်း) တစ်အိတ် ၈၀,၀၀၀ကျပ်၊ ဧည့်မထဆန် (မနောသုခ)(သစ်)တစ်အိတ် ၇၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၃၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၅၃,၀၀၀ကျပ်၊ ဆန်ကွဲ B (2,3,4)တစ်အိတ် ၅၁,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၁,၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ၂၁.၃.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ် ၈၀,၀၀၀ကျပ်၊ ဧည့်မထဆန် (မနောသုခ)(သစ်)တစ်အိတ် ၇၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2) တစ်အိတ် ၄၅,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၃,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၁,၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရဧည့်မထဆန်(မနောသုခ)(သစ်)တစ်အိတ်၅၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန် (ဟောင်း) တစ်အိတ် ၁၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၈၀၀၀ကျပ်နှင့် ဆန်ကွဲB(2,3,4) တစ်အိတ် ၈၀၀၀ကျပ် ဈေးကျကာ ဧည့်မထဆန်(မနောသုခ)(ဟောင်း)၊ ပေါ်ဆန်းမွှေးဆန်(သစ်)နှင့်ဖွဲနုဈေးများတည်ငြိမ်လျက်ရှိသည်။ ဧည့်မထဆန်(မနောသုခ) (သစ်) ပေါ်ဆန်းမွှေး ဆန်(ဟောင်း)၊ ဆန်ကွဲB(1,2)နှင့် ဆန်ကွဲB(2,3,4)တို့ ဈေးကျသွားခြင်းမှာ ကုန်ကြမ်းများပြားလျက်ရှိပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ကျောက်ဆည်မြို့နယ်၌ ပဲတီစိမ်း(ဆောင်း) သီးနှံရိတ်သိမ်းမှုနှင့်ဈေးကွက်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာပဲတီစိမ်းသီးနှံကိုကျောက်ဆည်မြို့နယ်တွင်၂,၄၈၀ ကေစိုက်ပျိုးခဲ့ပြီး ၈၉၅ကေရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများ အရ သိရသည်။

ပဲတီစိမ်း(ဆောင်း)သီးနှံကို အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင်စိုက်ပျိုးခဲ့ကြပြီးယခုအချိန်တွင် ပဲတီစိမ်းများ ရိတ်သိမ်းလျက်ရှိကြောင်း၊ မျိုးအနေဖြင့်ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင်တစ်ကေလျှင်စုစုပေါင်းငွေကျပ် ၃ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ၁၂-၁၃ တင်းခန့် ထွက်ရှိကြောင်း၊ဈေးကွက်အနေဖြင့် ပဲစိုက်တောင်သူများမှ ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့်ရန်ကုန်နှင့်မန္တလေးမြို့များသို့တင်ပို့ရောင်းချကာ အကျိုးအမြတ်များရရှိကြောင်း ပဲတီစိမ်းစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## ဖရဲသီးအရောင်းအဝယ်သွက်ကာ ဈေးကောင်းရ



မကွေးတိုင်းဒေသကြီးသည် အပူပိုင်းဒေသဖြစ်ပြီး ပူပြင်းခြောက်သွေ့သည့်ရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် ဖရဲသီးများအရောင်းအဝယ်သွက်ကာဈေးကောင်းရနေကြောင်း သိရသည်။ဖရဲသီးနှံသည် ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံတစ်မျိုးဖြစ်ပြီးအလှူပွဲများတွင်မပါမဖြစ်သီးနှံတစ်ခုလည်း ဖြစ်သည်။ဖရဲသီးကိုစားသုံးပါကအမောပြေခြင်း၊ ရေငတ်ခံခြင်း ၊ ဆီးရွှင်ခြင်း၊ဆီးကျောက်တည်ခြင်းစသည့် ရောဂါများမှ ကာကွယ်ပေးခြင်းများကြောင့်စားသုံးသင့်သည့်သီးနှံဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း ဖရဲသီးစိုက်ပျိုးထုတ်လုပ်မှုနည်းပြီးဒေသတွင်းဖူလုံရုံသာ ထုတ်လုပ်မှုရှိသည့်အတွက် ပိုလျှံမှုမရှိသေးပါ။ အချို့ဒေသများဖြစ်သော မင်းဘူး၊ တောင်တွင်းကြီးတို့ဘက်တွင် အနည်းငယ်စိုက်ပျိုးကြသော်လည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းသာဖြစ်သည်။ အခြားတိုင်းဒေသကြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှလည်း မှာယူစားသုံးကြရသည်။ ပြီးခဲ့သည့်နှစ်ယခုအချိန်တွင် ဖရဲသီးတစ်လုံးဈေးနှုန်းမှာ ကျပ် ၂၀၀၀ မှ ၃၀၀၀ အထိဖြစ်ပြီးယခုနှစ်ဖရဲသီးတစ်လုံးဈေးနှုန်းမှာ ကျပ် ၅၀၀၀ မှ ၆၀၀၀ အထိ ဖြစ်သဖြင့် တောင်သူများဖရဲသီးဈေးကောင်းရသည့်နှစ်ဖြစ်သည်။ နောက်နှစ်တွင်လည်း တောင်သူများအနေဖြင့် ဖရဲသီးအား ပိုမိုစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ပြည်ပမှစက်သုံးဆီများ စဉ်ဆက်မပြတ် စီမံတင်သွင်းလျက်ရှိသဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ယခင်ထက်လျော့နည်းကျဆင်းလာ




ပြည်ပမှစက်သုံးဆီနှင့် စားအုန်းဆီတင်သင်္ဘောများစဉ်ဆက်မပြတ် ဝင်ရောက်လျက်ရှိသဖြင့် ပြည်တွင်းသုံးစွဲမှု လုံလောက်သည့်အပြင် ဈေးနှုန်းသည်လည်း ယခင်ထက်လျော့နည်းကျဆင်းလာကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက သိရသည်။

လက်ရှိတွင် သီလဝါရှိ ဆီချဆိပ်ကမ်းများ၌ စက်သုံးဆီတင် သင်္ဘော ၆ စီး ၊ ပင်လယ်ဝတွင် သင်္ဘော ၃ စီး ရောက်ရှိပြီဖြစ်ပြီး လမ်းခရီးတွင် သင်္ဘော ၁ စီးနှင့်

ပြည်ပနိုင်ငံတွင်စက်သုံးဆီတင်ဆောင်နေသော သင်္ဘော ၁၀ စီးသည်အသင့်ဖြစ်နေပြီဖြစ်ကာသင်္ဘော ၂၉ စီးဖြင့် စဉ်ဆက်မပြတ် တင်သွင်းရန် ကြိုတင် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်း စက်သုံးဆီဖူလုံမှုရှိစေရန်အတွက် နေ့စဉ်သုံးစွဲမှုပမာဏအပြင်အရန်ဆီအနေဖြင့် တစ်လစာခန့် တင်သွင်းသိုလှောင်ထားရှိပြီး သီလဝါမှ နိုင်ငံတစ်ဝှန်းသို့ လုံလောက်သောဆီတင်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းဖြန့်ဖြူးရောင်းချပေးနေကာ ဒေသအသီးသီးရှိ ပြည်သူများသည် စက်သုံးဆီပြတ်လပ်မှုမရှိဘဲ လိုအပ်သည့်နေရာတွင် လိုအပ်သည့် ပမာဏကို လွယ်ကူအဆင်ပြေချောမွေ့စွာဝယ်ယူသုံးစွဲနိုင်ရန် စီမံထားရှိကြောင်း သိရသည်။စက်သုံးဆီဈေးနှုန်းများသည်လည်း ယခင်ကထက် တစ်လီတာလျှင် (၈၅) ကျပ်မှ (၁၁၅)ကျပ်အထိ ဆက်တိုက်ကျဆင်းလျက် ရှိကြောင်း သိရသည်။

Source: https://www.popularmyanmar.com/

## Food & Hospitality Hanoi Expo သို့ ပြခန်းပေါင်း ၁၈၀ ပါဝင်ပြသ



တတိယအကြိမ်မြောက် Food & Hospitality Hanoi Expo ကို မတ်လ ၁၈ ရက်နေ့က ဗီယက်နမ်နိုင်ငံ International Centre for Exhibition (ICE) တွင် ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံနှင့် ဒေသပေါင်း ၂၄ ခုမှ ပြခန်း၁၈၀ ဖြင့်ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

၆၀၀၀ စတုရန်းမီတာ ကျယ်ဝန်းသည့် ထိုပြပွဲသို့ လည်ပတ်သူ ၇၂၀၀ ရှိခဲ့ကြောင်း သိရသည်။ နိုင်ငံတကာဈေးကွက်များမှ ပြခန်းဖွင့်လှစ်ပြသသူ ၇၀ ရာခိုင်နှုန်းကျော်လာရောက်ခဲ့မှုနှင့်အတူ ထိုပြပွဲသည် စီးပွားရေး ချိတ်ဆက်ခြင်းနှင့် ယဉ်ကျေးမှုဖလှယ် ခြင်းတို့အတွက် အဓိကပလက်ဖောင်းတစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။

ထင်ရှားသည့်ပါဝင်သူများမှာ ဂျာမနီဖက်ဒရယ် အစားအစာနှင့် စိုက်ပျိုးမွေးမြူရေး ဝန်ကြီးဌာန၊ အီတလီကုန်သွယ်ရေးအေဂျင်စီ၊ ဂျပန်ငါးလုပ်ငန်းအသင်းနှင့် ကာလီဖိုးနီးယား စိုက်ပျိုးမွေးမြူရေးတင်ပို့မှုကောင်စီတို့ဖြစ်ကြောင်း သိရသည်။ Andros Vietnam၊ Dalat Milk နှင့် Cobi Group အစရှိသည့် ထင်ရှားသည့်အမှတ်တံဆိပ်များလည်း ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် Courtney Beale က ဗီယက်နမ်-အမေရိကန် စီးပွားရေးဆက်နွယ်မှုကြီးထွားရေးတွင် စိုက်ပျိုးမွေးမြူရေးကုန်သွယ်မှုက အရေးပါသော အခန်းကဏ္ဍရှိနေကြောင်း အသားပေးပြောကြားခဲ့သည်။ US Pavillon သည်လည်း ရောင်းချသူများနှင့် ဝယ်ယူသူများကြားချိတ်ဆက်ရန်အတွက် ပလက်ဖောင်းတစ်ခုအဖြစ် နှင့် အမေရိကန် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ဈေးကွက်လမ်းကြောင်း အရှိန်မြှင့်တင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုပြပွဲတွင် ကိတ်မုန့်ဖုတ်သည့်ပစ္စည်းများ၊ ကော်ဖီ၊လက်ဖက်ခြောက်နှင့်ဝိုင်ပါဝင်သော အစားအစာနှင့် အဖျော်ယမကာများ ပါဝင်ခဲ့ကြောင်း သိရသည်။ထို့ပြင် ဝန်ဆောင်မှုများ၊ အစားအစာပြုပြင်ထုတ်လုပ်သည့်နည်းပညာများနှင့် ထုပ်ပိုးမှုများကိုလည်း ပြသခဲ့ကြောင်း သိရသည်။ မတ်လ ၂၀ ထိကျင်းပခဲ့သည့် ထိုပြပွဲတွင် Informa Markets နှင့် Hospitality association များမှ ကြီးမှူးကျင်းပသည့် ကွန်ဖရန့်များလည်းပါဝင်ကြောင်း သိရပသည်။

**Source : Vietnam Plus**

DOCA(ရန်ကုန်)

## ကမ္ဘောဒီးယားနှင့် အမေရိကန်တို့သည် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုများရှာဖွေ




ကမ္ဘောဒီးယား တော်ဝင်အစိုးရ (RGC) နှင့် အမေရိကန် အောက်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့တို့သည် နိုင်ငံတော်၏အလားအလာရှိသော ကဏ္ဍများတွင် အမေရိကန်ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် မဟာဗျူဟာများကို ဆွေးနွေးခဲ့ကြသည်။ အမေရိကန်အောက်လွှတ်တော်၏ ဦးစီးအရာရှိချုပ် Brett Horton သည် ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (CDC) ၏ ကမ္ဘောဒီးယားရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (CIB) ၏ အထွေထွေအတွင်းရေးမှူးချုပ် Chea Vuthy နှင့် မတ်လ ၁၇ ရက်က ဖနွမ်းပင်မြို့၌တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် CIB အထွေထွေအတွင်းရေးမှူးချုပ်သည် ကမ္ဘောဒီးယားနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ အောက် တွင် နိုင်ငံတော်၏ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံ မှုဆွဲဆောင်မှုမူဝါဒများကို ထိုးထွင်းသိမြင် နိုင်စေရန်အတွက် ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံသို့ ဦးဆောင်ပေးခဲ့သော Horton အား ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့သည်။ CDC ၏ အုပ်ချုပ်မှုပုံစံ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကို မြှင့်တင်ရန် ရည်ရွယ်သည့် မူဝါဒရေးဆွဲခြင်း၏ နောက်ခံအကြောင်းနှင့် လက်ရှိ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အောက်တွင် ချမှတ်ထားသော မူဘောင်များကို CDC ၏ အုပ်ချုပ်မှုပုံစံကို အကြမ်းဖျင်း ဆက်လက်ဖော်ပြခဲ့ပါသည်။ အမေရိကန် ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါးနေသေးသော်လည်း အမေရိကန်ဈေးကွက်သည် ကမ္ဘောဒီးယားပို့ကုန်များအတွက်အကြီးမားဆုံးဦးတည်ချက်အဖြစ်ဆက်လက်တည်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Horton သည် ကမ္ဘောဒီးယား၏ လူမှုစီးပွားတိုးတက်မှုအတွက် ချီးကျူးဂုဏ်ပြုပြီး အထူးသဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ရင်းမြစ်များ ကွဲပြားစေရန် RGC ၏ ကြိုးပမ်းအားထုတ်မှုများကို ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့သည်။ နှစ်နိုင်ငံသည် နိုင်ငံတော်၏ အဓိကကဏ္ဍများတွင် အမေရိကန် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်ရန် မဟာဗျူဟာများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ CDC ၏ အစီရင်ခံစာအရ RGC သည် ဇန်နဝါရီတွင် ရင်းနှီးမြှုပ်နှံမှု ပရောဂျက်ပေါင်း ၆၄ ခု နှင့် ဖေဖော်ဝါရီလတွင် ၄၄ ခုကို အတည်ပြုခဲ့ပြီး ယခုနှစ် ပထမနှစ်လတာကာလအတွင်း ရင်းနှီး မြှုပ်နှံမှုတန်ဖိုးမှာ ကန်ဒေါ်လာ ၁ ဒသမ၀၆ ဘီလီယံကျော်ရှိခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၏ စက်မှုကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ၏ အဓိကရင်းမြစ်ဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း အစီရင်ခံစာအရသိရသည်။ ထို့အပြင် အကောက်ခွန်နှင့် ကုန်စည် စီးဆင်းမှု အထွေထွေဦးစီးဌာန (GDCE) မှ မတ် ၁၀ ရက်တွင် ၎င်း၏ ကုန်သွယ်မှု လက်ကျန် စာရင်းအင်းကို ထုတ်ပြန်ခဲ့ပြီး အမေရိကန်သည် ယခုနှစ် ပထမနှစ်လအတွင်း ကုန်သွယ်မှုပမာဏကန်ဒေါ်လာ ၁ ဒသမ၆၇ ဘီလီယံဖြင့် ကမ္ဘောဒီးယား၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက် အဖြစ် အဆင့်သတ်မှတ်ထားကြောင်း ဖော်ပြထားသည်။ ဤကိန်းဂဏန်းသည် ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ အမေရိကန်ဈေးကွက် သို့ ကမ္ဘောဒီးယား၏ တင်ပို့မှုသည် စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၉၇ ရာခိုင်နှုန်းကျော် သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂ ဘီလီယံကျော်ရှိပြီး အမေရိကန်မှ သွင်းကုန်တန်ဖိုး မှာ ကန်ဒေါ်လာ သန်း ၅၀ ခန့်သာရှိခဲ့ကြောင်း သိရသည်။

Source : Khmer Times

DOCA(ရန်ကုန်)

https://www.doca.gov.mm/

## တရုတ်နိုင်ငံသည် စိုက်ပျိုးရေးသုံး ဒရုန်းများကို ဇမ်ဘီယာသို့ လွှဲပြောင်းပေးခဲ့



တရုတ်နိုင်ငံသည် အာဖရိကတောင်ပိုင်းနိုင်ငံရှိ စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရန် အတွက် ဇမ်ဘီယာနိုင်ငံသို့ အပင်ကာကွယ်ရေး ဒရုန်းငါးစင်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဇမ်ဘီယာ စိုက်ပျိုးရေး ဝန်ကြီးဌာနသို့ တရုတ်နိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းသည့် ဒရုန်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇမ်ဘီယာ စိုက်ပျိုးရေး သုတေသနဌာနတွင် အင်္ဂါနေ့က ကျင်းပခဲ့သည်။

ဇမ်ဘီယာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ခံ Wang Sheng နှင့် ဇမ်ဘီယာ စိုက်ပျိုးရေးဝန်ကြီး Ruben Mtolo Phiri တို့ တက်ရောက်ခဲ့သည်။ ဝမ်က လယ်ယာကဏ္ဍပူးပေါင်းဆောင် ရွက်မှုသည် တရုတ်-ဇမ်ဘီယာ ဘက်စုံ မဟာဗျူဟာနှင့် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်၏ အရေးကြီးသော အစိတ်အပိုင်း ဖြစ်ပြီး ဒရုန်းများသည် နိုင်ငံ၏ လယ်ယာထွက်ကုန် ထုတ်လုပ်မှု အခြေအနေများကို မြှင့်တင်ပေးမည်ဟု မျှော်လင့်ကြောင်းပြော ကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဇမ်ဘီယာတွင် ပူးတွဲစိုက်ပျိုးရေးစီမံကိန်းများကို မြှင့်တင်ရန်နှင့် ဇမ်ဘီယာ စိုက်ပျိုးရေးထွက်ကုန်များကို တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့ရာတွင် လွယ်ကူချောမွေ့စေရန် ဆန္ဒရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဇမ်ဘီယာသည် လယ်ယာစက်မှုလုပ်ငန်းနှင့် ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း Philri မှ ပြောကြား ခဲ့ကြောင်း သိရသည်။

**Source : Xinhua**

DOCA(ရန်ကုန်)

https://www.doca.gov.mm/

TIR

## STOCK EXCHANGE (22.3.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Mar. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,978 (Shares) | 26,268,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 1,679 | 12,088,800 | 33,109,694 | 238,390 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 1,328 | 3,920,100 | 38,929,150 | 116,788 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 345 | 2,691,000 | 10,400,986 | 81,128 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,750 | 2,295 | 4,083,850 | 29,664,613 | 53,396 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 218 | 632,200 | 12,823,224 | 37,187 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 538 | 860,800 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 205 | 810,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 370 | 1,182,000 | 23,804,946 | 76,176 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 4th Mar. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.94 | -0.30 | -0.08% | 358.61 | 358.94 | 357.12 | 6,978 | 26,268,750 | 8 | 677,019 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:00 am, 5th Mar. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 50 (Shares) | 332,200 (MMK) |

| MYANPIX | 358.94 ▲ 0.00 |
|---|---|
| Total Volume (shares) | 50 |
| Total Value (MMK) | 0 mil |
| Listed Company | 8 |
| Market Cap. (MMK) | 677,019 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |